# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

February 23 , 2024 Volume 75, Number 16

၂၃.၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၂၃ US$ |
| မြန်မာ့ရွှေဈေး | = ၃၉၂၀၀၀၀ |
| ဒေါ်လာဈေး | = ၃၆၂၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၂.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၁.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၉.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၇.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၇၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၂၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၇၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၃၉.၄၇ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၁၇၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## အိန္ဒိယနိုင်ငံ၏ ပဲရည်ညွှန်းဈေးသတ်မှတ်မည့်သတင်းများကြောင့် ပို့ကုန်ပဲများဈေးကျဆင်းလာ



အိန္ဒိယနိုင်ငံ၏ ပဲရည်ညွှန်းဈေးသတ်မှတ်မည့်သတင်းများကြောင့် ပို့ကုန်ပဲများဈေးကျဆင်းနေကြောင်း ပဲကုန်သည်များထံက သိရသည်။

ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံးမှာ ဈေးကျဆင်းမှုရှိလာတာကြောင့် စောင့်ကြည့်အရောင်းအဝယ် လုပ်နေကြတာကြောင့် အရောင်းအဝယ်ခပ်အေးအေးသာရှိနေသော်လည်း ပြည်တွင်းမြေပဲဆန်မှာ ပြည်တွင်းစက်ပိုင်များ အဝယ်ကောင်းသဖြင့် ဈေးကောင်းရနေခြင်းဖြစ်သည်။

ပို့ကုန်ပဲတွေ သီတင်းပတ် နှစ်ပတ်ဆက်တိုက် ဈေးကျဆင်းနေကြောင်း စံချိန်တင်အမြင့်ဆုံး ဈေးတွေပေါက်ဈေးရှိလာရာမှ အိန္ဒိယနိုင်ငံ၏ ပြည်တွင်းပဲဈေးနှုန်းကိုသတ်မှတ်ဈေးအတိုင်း ရောင်းချရန်ဆိုသည့် သတင်းများကြောင့် ရန်ကုန်ဝယ်လက်များ၏ စောင့်ကြည့်ဝယ်ယူမှုများကြောင့် ပြည်တွင်း ပဲဈေးတွေကျဆင်းကြောင်း ပြည်တွင်းသုံး ပဲမာလိုင်းများမှာ နယ်စုံဝင်လာတာကြောင့် အမြင့်ဈေးမှအနည်းငယ်ကျဆင်းလာကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်က ပြောသည်။

“ပဲစင်းငုံမတ်ပဲတွေ ဈေးကျဆင်းလာပါတယ်။ ပို့ကုန်ပဲစင်းငုံတစ်အိတ် အမြင့်ဆုံးဈေး ငွေကျပ် ၄,၂၀,၀၀၀ ထိ ပေါက်ဈေးရောက် မှ ဒီနေ့ပေါက်ဈေးတစ်အိတ် ငွေကျပ် ၃,၆၅,၀၀၀ ထိ ဈေးကျဆင်းသွားတယ်။ ပြည်တွင်း ပဲမာလိုင်းတွေကလည်း အသစ်ဝင်ရောက်မှု များလာပါတယ်။ တစ်အိတ် ငွေကျပ် ၄ သိန်းကျော်ပဲတွေကတော့ ဈေးအေးလာမဲ့ အခြေအနေရှိလာပါတယ်။ အိန္ဒိယနိုင်ငံမှာလည်းပဲဈေးကို ရည်ညွှန်းဈေး သတ်မှတ်မဲ့သတင်းတွေကြောင့် ယခုလို ဈေးကျဆင်းလာတာပါ။ ဈေးကွက်တစ်ခုလုံး ခြုံသုံးသပ်ရရင် လက်ရှိပေါက်ဈေးတွေနဲ့အရောင်းအဝယ် ခပ် အေးအေးသာရှိနေပါတယ်။ မြေပဲဆန်တစ်မျိုးသာ ပြည်တွင်းစက်ပိုင်များ အဝယ်ကောင်းနေလို့ ဈေးအကောင်းကြီးမဟုတ်သော်လည်း အရောင်းအဝယ်သွက်နေပါတယ် ဟု ၎င်းကပြောသည်။

ဖေဖော်ဝါရီ ၂၂ ရက်တွင် မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၂,၈၀,၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၃,၆၆,၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာတစ်အိတ်လျှင် ငွေကျပ် ၁,၈၅,၀၀၀ ပေါက်ဈေးဖြင့် ဈေးမြင့်တက်လာသည်။

## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အနည်းငယ်ဈေးကျဆင်းနေပြီး ဖေဖော်ဝါရီ ၂၂ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂,၆၇,၀၀၀၊ ကုလားပဲ 7 တစ်အိတ်လျှင် ငွေကျပ် ၂,၇၀,၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂,၆၀,၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂,၅၉,၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃,၅၅,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄,၂၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃,၇၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃,၃၀,၀၀၀၊ ကနေဒါစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂,၄၁,၀၀၀၊ မြေပဲအနီ လုံးဆန်(မြင်းမူ)တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀-၈၇၀၀ ပေါက်ဈေးရှိနေသည်။

ဖေဖော်ဝါရီ ၂၂ ရက်တွင် နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄,၁၅,၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃,၁၅,၀၀၀၊ နှမ်းဝါတစ်အိတ်လျှင် ငွေကျပ် ၃,၂၀,၀၀၀၊ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၄,၂၀,၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

**Source: မကွေးဂျာနယ်**

## ပဲကြီးဈေးအနည်းငယ်ပြန်တက်

မကွေးတိုင်းဒေသကြီးတွင် ပဲကြီးသီးနှံကို အဓိကအနေဖြင့် စိုက်ပျိုးကြပြီး ပြည်တွင်းစားသုံးမှုများသည့် သီးနှံဖြစ်သည့်အပြင် ပြည်ပဈေးကွက်အတွက်ပါ တင်ပို့နိုင်ရန် စိုက်ပျိုးကြပါသည်။ ပဲကြီးသီးနှံကို ပြည်တွင်းပဲကြော် လုပ်ငန်းရှင်များနှင့်လှော်လက်များမှ ဝယ်လိုအားရှိနေ၍ ဈေးအနည်းငယ်ပြန်တက်လာပါသည်။ ပြီးခဲ့သည့်ဇန်နဝါရီလတွင် ဈေးအနည်းငယ်ကျဆင်းနေသော်လည်း ယခုဖေဖော်ဝါရီလတွင် ဈေးအနည်းငယ်ပြန်တက်လာသည်။

ပြည်တွင်းစားသုံးမှုအခိုင်အမာရှိသည့် ပဲကြီးသီးနှံသည် ထွက်ပေါ်စ၌ ပဲကြီးတစ်တင်းလျှင် ကျပ်(၁,၃၀,၀၀၀)ဈေးအထိ ရရှိခဲ့ကာ လှိုင်လှိုင်ပေါ်ချိန်တွင် ပဲကြီးတစ်တင်းလျှင် ကျပ်(၁,၁၅,၀၀၀)ဈေးအထိ ကျဆင်းလာပြီး ယခုအချိန်၌ ပြည်တွင်းဝယ်လိုအားကြောင့် ပဲကြီးတစ်တင်းလျှင် ကျပ်(၁,၂၄,၅၀၀) ဈေးအထိ ပြန်လည်မြင့်တက်လာကြောင်း ကုန်စည်ဒိုင်ဈေးနှုန်းသတင်းများအရ သိရှိရပါသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့သည့်ဇန်နဝါရီလအတွင်း ငါးခြောက်အစုံ ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့နိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇန်နဝါရီလအတွင်း ငါးခြောက်အစုံ ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးခြောက်အစုံပိဿာချိန် ၅၄,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ ငါးခြောက်အစုံပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ထိုသို့ တင်ပို့ရောင်းချနိုင်ခဲ့သည့် ငါးခြောက်အမျိုးအစားများသည် ငါးကွမ်းရှပ်(ငါးညို)ခြောက်၊ ငါးလိပ်ခြောက်၊ ငါးပြေမခြောက်၊ ငါးဖောင်ရိုးခြောက်၊ ငါးတံခွန်ခြောက်၊ အာပြဲခြောက်စသည့် ငါးခြောက်အမျိုးအစားများကို အများဆုံးတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“ဒေသကထွက်တဲ့ ပင်လယ်ငါးခြောက်အစုံကို စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ပင်လယ်ငါးခြောက်တွေကတော့ ပြည်တွင်းမှာကို စားသုံးသူများလို့ အဝယ်လိုက်နေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလ တစ်လအတွင်း ငါးခြောက်အစုံပိဿာချိန် ၈၅,၀၀၀ ထိရောင်းချခဲ့ရပါတယ်။ ဒေသထွက်ငါးခြောက်ကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ ရောင်းအားတက်ခဲ့တာပါ။ လက်ရှိဖေဖော်ဝါရီလထဲမှာလဲ ငါးခြောက်တွေ အရောင်းအဝယ်သွက်နေပါတယ်” ဟု ဖျာပုံမြို့နယ်မှ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြသည်။

အဆိုပါ တင်ပို့ရောင်းချခဲ့သည့်ငါးခြောက်ဈေးနှုန်းမှာ ငါးဖောင်ရိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၇,၅၀၀၊ ငါးကွမ်ရှပ်(ငါးညှို)ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၅,၀၀၀၊ ငါးပြေမခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၅,၀၀၀၊ ငါးလိပ်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၄,၀၀၀၊ ငါးတံခွန်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၇,၀၀၀၊ အာပြဲခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၉,၅၀၀ ဈေးပေါက်နေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မြေပဲဆန်ဈေးကောင်းတာကြောင့် မြေနုကျွန်းစိုက်တောင်သူများ အဆင်ပြေ



ရေ၁၀တီမြစ်ကြောင်းတစ်လျှောက် စိုက်ပျိုးသည့် မြေပဲဆန်များ ယခင်နှစ်ထက် ဈေးကွက်ဈေးကောင်းရရှိတာကြောင့် မြေနုကျွန်း စိုက်တောင်သူများ အဆင်ပြေလျက်ရှိသည်။ မြေနုကျွန်းစိုက် မြေပဲ စိုက်ခင်းများကို အောက်တိုဘာလ ၁၅ ရက် ဝန်းကျင်က စတင် စိုက်ပျိုးပြီး ဖေဖော်ဝါရီလဆန်းပိုင်းတွင် နုတ်သိမ်းရာ တစ်ဧက မြေပဲတင်း(၅၀)ခန့်ထွက်ရှိတာကြောင့်လည်း အထွက်နှုန်းကောင်းခဲ့ သည်။ ထို့ပြင် မြေပဲဆန်ဈေးမှာလည်း ပိဿာ ၁၀၀လျှင် ငွေကျပ် ၈,၇၀,၀၀၀ ကျော် ပေါက်ဈေးရှိတာကြောင့်လည်း တောင်သူများ ထပ်ဆင့် အကျိုးအမြတ်ကောင်းခဲ့ကြောင်း ပုသိမ်ကြီးမြို့နယ်၊ သံဘိုကျွန်းကျေးရွာမှ မြေပဲစိုက်တောင်သူ ဦးခင်မောင်ရင်က မန္တလေးနေ့စဉ်ကိုပြောသည်။

"မြေနုကျွန်းစိုက်ခင်းတွေကို စက်တင်ဘာလ ရေကျချိန်မှာ မြေပြုပြင်ပြီး ဈေးကွက်ကောင်းမဲ့သီးနှံကို ရွေးချယ်စိုက်ပျိုးခဲ့ တာပါ။ သီးနှံရွေးချယ်မှုကလည်း အရေးကြီးပါတယ်။ မြေနုကျွန်းရာသီဥတုနဲ့ ကိုက်ညီတဲ့သီးနှံလည်းဖြစ်ပါတယ်။ အထွက်နှုန်း လည်း ကောင်းသလို ဒီနှစ်မြေပဲဈေးကွက်ကောင်းတော့ တောင်သူတွေ အဆင်ပြေကြပါတယ်" ဟု ၎င်းက ပြောသည်။ မြေနုကျွန်းစိုက်ခင်းများတွင် မြေပဲစိုက်ပျိုးရာတွင် ထွန်ယက်စိုက်ပျိုးစရိတ်၊ သွင်းအားစုများ ဈေးကောင်းခြင်း၊ လုပ်သားစရိတ်၊ စက်သုံးဆီများ ဈေးများကြီးမြင့်တာကြောင့် တစ်ဧက စိုက်ပျိုးစရိတ်ငွေကျပ် ၆ သိန်းဝန်းကျင်ကုန်ကျ သော်လည်း မြေပဲဆန်ဈေး ကောင်းမွန်တာကြောင့် တစ်ဧက ငွေကျပ် ၁၄ သိန်းခန့် အကျိုးအမြတ်ရရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ဟောင်ကောင် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကောင်စီမှ ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် ဦးစားပေးလုပ်ငန်းများ ထုတ်ပြန်ကြေညာ

၂၀၂၄-၂၀၂၅ ခုနှစ်အတွက် ဟောင်ကောင်ဒေသ၏ ကမ္ဘာ့စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဗဟိုဌာနအဖြစ်လည်းကောင်း ညီလာခံနှင့်ကုန်စည်ပြပွဲအတွက် အဓိကအချက်အချာဒေသအဖြစ်လည်းကောင်း ရပ်တည်ခိုင်မာစေရန် လုပ်ဆောင်သွားရေး သည် အဓိကကျသည့်ရည်မှန်းချက်များဖြစ်ကြောင်း ဟောင်ကောင်ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (HKTDC) မှ ထုတ်ပြန်ကြေညာခဲ့သည်ဟု Hong Kong Business သတင်းဌာနမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် “HKTDC outlines priorities to boost global business, C&E hub” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသည်။

အလေးထားဆောင်ရွက်သွားမည့်ကဏ္ဍများအနက် မဟာပင်လယ်ကွေ့ဒေသ (GBA) တွင် ဟောင်ကောင်ဒေသ၏ ရပ်တည်မှုခိုင်မာစေရန်နှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းပါဝင်သွားရေးတို့လည်းပါဝင်ကြောင်း၊ ထို့သို့လုပ်ဆောင် ရန်အတွက် စီးပွားရေးအထောက်အကူပြု ဗဟိုဌာနများဖွင့်လှစ်ခြင်း၊ GoGBA အစီအစဉ် Version 2.0 စတင်ခြင်း၊ အခြေခံ အဆောက်အဦနှင့် အိမ်ခြံမြေလုပ်ငန်းဝန်ဆောင်မှုများမြှင့်တင်ရေး တိုးမြှင့်ဆောင်ရွက်ခြင်း၊ အခမ်းအနားများ စီစဉ်ကျင်းပ သွားခြင်းတို့ပါဝင်ကြောင်း ရေးသားဖော်ပြထားသည်။

ထို့ပြင် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (RCEP) အပါအဝင် ဒေသတွင်းပူးပေါင်း ဆောင်ရွက်မှုများမှ အခွင့်အလမ်းများတွင် ဟောင်ကောင်ဒေသအနေဖြင့် ချိတ်ဆက်ဆောင်ရွက်သွားရန်လည်း ရည်ရွယ် ထားကြောင်း၊ သတင်းအချက်အလက်နှင့် နည်းပညာ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျန်းမာရေးတို့ကို ဦးတည်သည့်

ကဏ္ဍသစ်များနှင့် ဟောင်ကောင်ဒေသ၏ အဓိကကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

အလားတူ အပြည်ပြည်ဆိုင်ရာ ညီလာခံနှင့်ကုန်စည်ပြပွဲကြီး ၄၀ ပြုလုပ်ကျင်းပခြင်း၊ ကုန်စည်ပြပွဲ အသစ် ၂ ခု စတင်ကျင်းပခြင်းနှင့် ညီလာခံနှင့်ကုန်စည်ပြပွဲများတွင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှု တိုးမြှင့်ပေးခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအချက်အချာနှင့် ညီလာခံနှင့်ကုန်စည်ပြပွဲကျင်းပရာ ဗဟိုဌာနတစ်ခုအဖြစ် ဟောင်ကောင်ဒေသ၏ အခန်းကဏ္ဍကို မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်းစသည်ဖြင့် ရေးသားဖော်ပြထားသည်။

**Source: နှင်းဇာလွှာ**

**စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့**

## တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ အေးခဲထားသော အုန်းရည်ထုတ်ကုန်များနှင့်ပတ်သက်၍ သတိပေးချက်ထုတ်ပြန်

ဗီယက်နမ်နိုင်ငံမှ တင်သွင်းလာသည့် အေးခဲထားသော အုန်းရည်ထုတ်ကုန်များတွင် coliform bacteria၊ တဆေးနှင့် မှိုများ ပါဝင်မှုအဆင့်သည် တရုတ်နိုင်ငံ၏ အစားအစာဘေးကင်းလုံခြုံရေးသတ်မှတ်ချက်များထက် ပိုမိုနေသည်ကို တရုတ်အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (General Administration of Customs of China –GACC) မှ စစ်ဆေးတွေ့ရှိခဲ့ကြောင်း ဗီယက်နမ် မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

အဆိုပါ ပြဿနာများ၏ မူလဇစ်မြစ်မှာ ကုမ္ပဏီများမှ အကောင်အထည်ဖော်သည့် အစားအစာဘေးကင်းမှု ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကြောင့်ဖြစ်ကြောင်း GACC က ထောက်ပြခဲ့ပြီး လိုအပ်ပါက အဆိုပါကုမ္ပဏီများကို အွန်လိုင်းစစ်ဆေးခြင်းကို ပြုလုပ်မည်ဖြစ်ကြောင်းနှင့် တရုတ်အစိုးရကလည်း ဗီယက်နမ် အာဏာပိုင်များအနေဖြင့် ၎င်းတို့၏ကုမ္ပဏီများကို စစ်ဆေးမှုများ ပိုမိုလုပ်ဆောင်ပေးရန် တောင်းဆိုထားကြောင်း သိရသည်။

ဗီယက်နမ် အမျိုးသားစိုက်ပျိုးရေးစီမံကိန်းနှင့်ခန့်မှန်းရေးအဖွဲ့၏ အချက်အလက်များအရ ဗီယက်နမ်နိုင်ငံ၏ အုန်းပင်စိုက်ပျိုးဧရိယာသည် ယခုအခါ ဟက်တာ (၁,၈၈,၀၀၀) ကျော်ရှိကြောင်း၊ ဗီယက်နမ်တွင် အထင်ရှားဆုံး အုန်းသီးထွက်ရှိရာဒေသဖြစ်သည့် Ben Tre ပြည်နယ်တွင် စိုက်ပျိုးဧရိယာမှာ ခန့်မှန်းခြေအားဖြင့် ဟက်တာ (၇၈,၀၀၀) ရှိပြီး နှစ်စဉ် အုန်းသီးအလုံးရေ သန်း (၈၀၀) နီးပါး ထုတ်လုပ်နိုင်ပြီး နှစ်စဉ်ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း (၂၀၀) ရရှိကြောင်း၊ အုန်းသီးထုတ်ကုန်များသည် အဆိုပါပြည်နယ်၏ စက်မှုထုတ်လုပ်မှုတန်ဖိုး၏ (၂၀) ရာခိုင်နှုန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုး၏ (၂၅) ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လက်ရှိတွင် ဗီယက်နမ်မှ လတ်ဆတ်သော အုန်းသီးများကို တရားဝင်ကုန်သွယ်မှုလမ်းကြောင်းမှ တရုတ်နိုင်ငံသို့ ဝင်ရောက်ခွင့်မပြုဘဲ အသေးစားနယ်စပ် ကုန်သွယ်ရေးအစီအစဉ်များဖြင့်သာ တင်သွင်းနိုင်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် GACC သည် ဗီယက်နမ်ရှိ အုန်းခြံများကိုစစ်ဆေးရန် ဝန်ထမ်းများကိုစေလွှတ်ခဲ့ကြောင်း၊ လတ်ဆတ်သောအုန်းသီး၊ အေးခဲထားသော သစ်သီးထုတ်ကုန်များ၊ citrus နွယ်ဝင်အသီးများ ၊ ထောပတ်သီး၊ သကြားပန်းသီး၊ ဖယောင်း ပန်းသီး၊ ကြက်/ဝက်နှင့် မွေးမြူရေးထွက်ကုန်များအပါအဝင် ဗီယက်နမ်နိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန်အမျိုးမျိုးအတွက် ဈေးကွက်ရရှိရေးလုပ်ငန်းစဉ်များကို တက်ကြွစွာမြှင့်တင်သွားမည်ဟု ၂၀၂၃ ခုနှစ်ကုန်တွင် နှစ်နိုင်ငံအစိုးရများက ပူးတွဲထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဗီယက်နမ် အုန်းသီးများအတွက် တရုတ်ဈေးကွက်ဝင်ရောက်ခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ၂၀၂၄ ခုနှစ်တွင် ပြီးစီးရန် မျှော်လင့်ထားသဖြင့် ဗီယက်နမ်အုန်းသီးအသင်းသည် ယခုနှစ်အတွက် ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ (၁) ဘီလီယံရရှိရန် ရည်မှန်းချက် ချမှတ်ထားကြောင်း၊ အသင်း၏ အဆိုအရ ဗီယက်နမ်ရှိ လုပ်ငန်းပေါင်း (၂၀) ခန့်သည် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံနှင့်ဒေသ (၃၅) ခုသို့ အုန်းသီးတင်ပို့ရန် အရည်အချင်းပြည့်မီကြောင်းနှင့် အမေရိကန်နှင့်တရုတ်ဈေးကွက်များသို့ အုန်းသီးများမကြာမီတင်ပို့နိုင်မည်ဖြစ်ရာ လုပ်ငန်းရှင်များသည် ကမ္ဘာ့ဈေးကွက်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ၎င်းတို့၏ အုန်းသီးစိုက်ပျိုးဧရိယာများကို တက်ကြွစွာတိုးချဲ့ကာ စိုက်ပျိုးဧရိယာကုတ်နံပါတ်များကို မှတ်ပုံတင်လျက်ရှိကြောင်း သိရသည်။

**Source:** https://www.producereport.com/article/china-issues-warnings-over-vietnamese-frozen-coconut-juice-products **(စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

## ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလျှင်မြန်ချောမွေ့ရေးသဘောတူညီချက် (IFD) တွင် ပါဝင်သည့် အဖွဲ့ဝင်နိုင်ငံများက MC13 ရည်မှန်းချက်များအား သဘောတူညီ

ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံပေါင်း ၁၂၀ ကျော်ပါဝင်သည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလျှင်မြန်ချောမွေ့ရေး သဘောတူညီချက်အသစ် (IFD) ကို မကြာမီကျင်းပတော့မည့် (၁၃)ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံ (MC13)တွင် အများပြည်သူသို့ ချပြသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါသဘောတူညီချက်ကို Marrakesh သဘောတူညီချက် အောက်တွင် ထည့်သွင်းပေးရန် တောင်းဆိုသွားမည်ဟု ဖေဖော်ဝါရီလ ၈ ရက်က ကျင်းပပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် သဘောတူခဲ့ကြသည်။

ရင်းနှီးမြှုပ်နှံမှုလျှင်မြန်ချောမွေ့ရေးသဘောတူညီချက်အသစ် (IFD) ၏ Plenary အစည်းအဝေးတွင် Coordinator များဖြစ်သည့် ချီလီနိုင်ငံသံအမတ်ကြီး Sofía Boza နှင့် ကိုရီးယားသမ္မတ နိုင်ငံ သံအမတ်ကြီး Jung Sung Park တို့က ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှစ၍ ကင်မရွန်း၊ အင်ဂိုလာ၊ မာလာဝီနှင့်မိုဇမ်ဘစ်တို့သည် အဖွဲ့ဝင်များအဖြစ်ပါဝင်လာရာ လက်ရှိတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် လေးပုံသုံးပုံနီးပါးရှိလာပြီဖြစ်ကြောင်း တင်ပြခဲ့သည်။

အခြားအဖွဲ့ဝင်နိုင်ငံအများအပြားကလည်း သဘောတူညီချက်တွင်ပါဝင်ရန် စိတ်ဝင်စားကြောင်း၊ လာမည့်ရက်များအတွင်း သတင်းကောင်းများရရန် မျှော်လင့်ကြောင်း၊ သံအမတ်ကြီး ဘိုဇာက ပြောကြားခဲ့သည်။ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု လျှင်မြန်ချောမွေ့ရေးသဘောတူညီချက်အသစ်တွင် ပါဝင်သူအများစုသည် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ပြီး ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံ (LDC) ၂၅ နိုင်ငံလည်းပါဝင်သည်။

၆ နှစ်ကျော်ကြာ ညှိနှိုင်းဆွေးနွေးခဲ့ရသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု လျှင်မြန်ချောမွေ့ရေး သဘောတူညီချက်အသစ်ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် သဘောတူညီခဲ့ကြပြီး ပါဝင်လိုသူ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများကို ဖိတ်ခေါ်ထားသည်။ အင်္ဂလိပ်ဘာသာနှင့်သဘောတူညီချက်အား ပြင်သစ်နှင့်စပိန်ဘာသာသို့ ပြန်ဆိုခြင်းမှာလည်း အပြီးသတ်နေပြီဖြစ်သည်။

MC13 တွင် ယခုသဘောတူညီချက်ပါ အဖွဲ့ဝင်နိုင်ငံများ၏ ဝန်ကြီးများက ညှိနှိုင်းမှုများပြီးဆုံးပြီဖြစ်ကြောင်းနှင့် အများပြည်သူသို့ ချပြသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အဖွဲ့ဝင်အားလုံး၏ တူညီဆန္ဒရရှိရေး သဘောတူညီချက်ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ တည်ထောင်သည့် သဘောတူညီချက်၏ နောက်ဆက်တွဲ ၄ အောက်တွင် ထည့်သွင်းပေးရန် တောင်းဆိုသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးအဆင့်ကြေညာစာတမ်းတစ်ခုလည်း ထုတ်ပြန်မည်ဖြစ်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ တရားဝင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

Source: www.wto.org

Source: https://commerce.gov.mm

## STOCK EXCHANGE (23.2.2024)


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data

As of 23rd Feb. 2024

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,550 (Shares) | 13,428,050 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 216 | 1,814,400 | 33,109,694 | 278,121 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,900 | 2,950 | 2,900 | 2,146 | 6,225,900 | 38,929,150 | 114,841 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 0 | 0 | 10,400,986 | 78,007 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 229 | 354,950 | 29,664,613 | 45,980 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 0 | 0 | 12,823,224 | 30,776 |
| EFR | 00006 | 1,750 | -50 | -2.78% | 1,700 | 1,750 | 1,700 | 1,949 | 3,315,750 | 19,977,223 | 34,960 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 0 | 0 | 10,497,598 | 50,389 |
| MAEX | 00008 | 1,750 | +50 | +2.94% | 1,700 | 1,750 | 1,700 | 1,010 | 1,717,050 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 23rd Feb. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 357.72 | +1.13 | +0.32% | 356.59 | 357.72 | 355.53 | 5,550 | 13,428,050 | 8 | 674,733 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 23rd Feb. 2024

| Trading Volume | Trading Value |
|---|---|
| 5,550 (Shares) | 13,428,050 (MMK) |

### Main Board

As of 1:00 pm, 23rd Feb. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,550 (Shares) | 13,428,050 (MMK) |

| MYANPIX | 357.72 ▲ 1.13 |
|---|---|
| Total Volume (shares) | 5,550 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 674,733 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 1,750 | ▼ 50 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 50 |